# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လူထုဗဟိုပြုစီမံကိန်း – ဝယ်ယူရေးလုပ်ငန်းများ





### ဝယ်ယူရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်း

ဝယ်ယူရေးဆပ်ကော်မတီကို အနည်းဆုံး
အဖွဲ့ဝင် သုံးဦးဖြင့် ဖွဲ့စည်းရမည်။
အမျိုးသမီးတစ်ဦး အနည်းဆုံး ပါဝင်ရပါမည်။
စီမံကိန်းလုပ်ငန်းခွဲတစ်ခုသည်
ကျေးရွာတစ်ရွာထက်ပို၍ အကျုံးဝင်ပါက
အဆိုပါကျေးရွာများမှ အချိုးကျဖြင့်
စုစုပေါင်းကော်မတီဝင် ၅ ဦး ရွေးချယ်ရမည်။



### ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်
ဆောင်ရွက်ရန်အတွက် လိုအပ်သည့်
ပစ္စည်းများဝယ်ယူခြင်း၊ လုပ်အား ငှားရမ်းခြင်း၊
ကန်ထရိုက်တာများ ငှားရမ်းခြင်းနှင့်
စက်ပစ္စည်းများ ငှားရမ်းခြင်းတို့ကို
ခွင့်ပြုထားသော ဝယ်ယူရေးနည်းလမ်းနှင့်အညီ
ဆောင်ရွက်ရမည်။




### ဝယ်ယူရေးနည်းလမ်းများ

ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းနည်းလမ်း
ယှဉ်ပြိုင်မှုမရှိဘဲ တိုက်ရိုက်ဝယ်ယူခြင်းနည်းလမ်း
များကို အကန့်အသတ်ဖြင့်သာ သုံးရန်



အဂတိလိုက်စားခြင်း၊
အလွဲသုံးစားခြင်း မလုပ်ပါနှင့်
အရေးယူခံရမည်။





### ဒါမျိုးတွေတော့ ရှောင်သင့်ပါတယ်

ကိုယ့်ဆွေမျိုး၊ ကိုယ့်မိတ်ဆွေရဲ့ဆိုင်မို့လို့
ရွေးပြီး မဝယ်ရပါဘူး။ ကိုယ်နဲ့ ရင်းနှီးလို့ဆိုပြီး
ကန်ထရိုက်မပေးလိုက်ပါနှင့်။
မည်သည့်ကိစ္စမဆို တစ်ဦးတစ်ယောက်တည်း
ဘယ်တော့မှ မဆုံးဖြတ်ပါနှင့်။



### လိုက်နာရမည့် စည်းကမ်းများ

စရိတ်သက်သာရမည်၊ ပစ္စည်း အရည်အသွေး
ကောင်းမွန်ရမည်၊ အသုံးဝင်မှု ရှိရမည်၊
ပွင့်လင်းမြင်သာမှု ရှိရမည်၊ မျှတမှု ရှိရမည်၊
ရိုးသားဖြောင့်မတ်ရမည်။




### ရှောင်ကြဉ်ရမည့် အချက်များ

ဈေးနှုန်းအဆိုပြုလွှာ ဖိတ်ခေါ်ရာတွင်
ကုန်အမှတ်တံဆိပ် ကန့်သတ်ချက်များ မရေးရ။
မျက်နှာလိုက်၍ ကန်ထရိုက်ပေးခြင်း မပြုရ။

## ဒါတွေကို မမေ့နဲ့နော်

- ဝယ်ယူရေး လမ်းညွှန်စာအုပ်နဲ့ ဝယ်ယူရေးလုပ်ငန်းအတွက် အသုံးပြုမယ့် ပုံစံတွေကို သေချာစွာ လေ့လာထားပါ။
- ပစ္စည်းပဲ ဝယ်ဝယ်၊ လုပ်ငန်းအတွက် ကန်ထရိုက်ပဲငှားငှား ကြိုတင် အစီအစဉ်ရေးဆွဲပြီးမှ ဆောင်ရွက်တာ နည်းလမ်း အကျဆုံးပါပဲ။
- ပစ္စည်းဝယ်တဲ့အခါ ဒေသပေါက်ဈေးထက် မပိုစေနဲ့နော်။
- လုပ်အားခအတွက်ဖြစ်စေ၊ ကန်ထရိုက်အတွက်ဖြစ်စေ ငွေပေးချေတဲ့အခါ ပိုက်ဆံရှင်းပြီးကြောင်းနှင့် လက်ခံရရှိကြောင်း လက်မှတ်ထိုးခိုင်းပါ။
- ပစ္စည်းဝယ်ယူပြီးတိုင်း ငွေရှင်းပြီး ပြေစာ ရယူပါ။
- မြို့နယ်ကျေးလက်ဦးစီး၊ အင်ဂျင်နီယာနဲ့ လူထုစည်းရုံးရေးမှူးတွေဆီက အကြံဉာဏ်တောင်းဖို့ အားမနာပါနဲ့။
- စေတနာ့ဝန်ထမ်းတွေ၊ အခြားကော်မတီဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်မယ် ဆိုရင် လုပ်ငန်း ပိုပြီး အောင်မြင်ပါတယ်။
- ဘာပဲလုပ်လုပ် အများမြင်သာအောင် ရှင်းလင်းပါ၊ ကြော်ငြာသင်ပုန်းပေါ် ကပ်ထားပါ။

## ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရေးရှု